# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်။**
**(၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်။)**

**အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။**

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

## နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လုပ်သားပြည်သူတို့၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းမည့် ပြည်သူ့လွှတ်တော်အား ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်း အပ်နှင်းရန်အတွက် လည်းကောင်း၊ ပြည်သူ့လွှတ်တော် အစည်းအဝေးများ စတင်ကျင်းပ၍ နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လွှတ်တော် အဖွဲ့အစည်းများကို ရွေးချယ် တင်မြှောက်နိုင်ရန်အတွက် လည်းကောင်း လိုအပ်သည့် အစီအစဉ်များကို ကြိုတင် ပြုလုပ်ထားနိုင်ရန် အလို့ငှာ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက စတင်ပြဋ္ဌာန်းသည့် နေ့မှစ၍ ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော် ဥပဒေ အသစ်တရပ်ကို ပြဋ္ဌာန်းပြီးသည့် အချိန်အထိ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည်၊ ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) **အခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုဆိုသည်။

(ခ) **ဤဥပဒေ** ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဥပဒေကိုဆိုသည်။
(ဂ) **လွှတ်တော်** ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ပြည်သူ့လွှတ်တော်ကိုဆိုသည်။
(ဃ) **ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ** ဆိုသည်မှာ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့များကိုဆိုသည်။
(င) **လွှတ်တော် အဖွဲ့အစည်းများ** ဆိုသည်မှာ သဘာပတိအဖွဲ့၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီ၊ လွှတ်တော်ရေးရာ ကော်မီတီများနှင့် လွှတ်တော်မှ ဖွဲ့စည်းထားသော ကော်မိရှင်များနှင့် ကော်မီတီများကိုဆိုသည်။
(စ) **လွှတ်တော်ရေးရာ ကော်မီတီများ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရေးရာ ကော်မီတီများကိုဆိုသည်။
(ဆ) **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ပြည်သူ့လွှတ်တော်သို့ ရွေးချယ် တင်မြှောက်ခြင်းခံရသော ပြည်သူ့ ကိုယ်စားလှယ်ကိုဆိုသည်။
(ဇ) **ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ** ဆိုသည်မှာ ၁၉၇၃ ခုနှစ်၊ ပဉ္စမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကိုဆိုသည်။

## အခန်း ၂

## ပြည်သူ့လွှတ်တော်ဖွဲ့စည်းပုံ

၃။ ။ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကို ဖွဲ့စည်းရမည်။

၄။ ။ပထမအကြိမ် ကျင်းပမည့် လွှတ်တော် အစည်းအဝေးကို အနည်းဆုံး (၇)ရက်ကြိုတင်၍ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက ဖိတ်ကြားရမည်။ ယင်းအစည်းအဝေး ကျင်းပရန်အတွက် လိုအပ်သည့် အစီအစဉ်များကို ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက တာဝန်ယူ ဆောင်ရွက်ရမည်။

၅။ ။(က) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည် ပထမအကြိမ် ကျင်းပမည့် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား စိစစ်ရန်အတွက် ကော်မီတီတရပ်ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။
(ခ) ယင်းကော်မီတီသည် ပထမအကြိမ် ကျင်းပမည့် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ

အား၊ သက်ဆိုင်ရာ မဲဆန္ဒနယ်များရှိ မဲပေးပိုင်ခွင့်ရှိသောပြည်သူများက ရွေးချယ် တင်မြှောက်ခြင်း ခံရသူဟုတ် မဟုတ်ကို သက်ဆိုင်ရာ ရွေးချယ် တင်မြှောက်ပွဲ ကော်မရှင်မှ ထုတ်ပေးသည့် တရားဝင် ရွေးချယ်တင် မြှောက်ခြင်း ခံရကြောင်း အသိအမှတ်ပြုလွှာများအား စိစစ်၍ အတည် ပြုရမည်။

၆။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည် လွှတ်တော်ရုံးမှ အရာရှိတဦးအား ပထမအကြိမ် ကျင်းပမည့် လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ရမည်။

၇။ ။(က) လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် မိမိတို့အထဲမှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် တဦးအား ယာယီ သဘာပတိအဖြစ် တင် မြှောက်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ယာယီ သဘာပတိတဦး တင်မြှောက်ရန်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးက အဆိုတင်သွင်း၍ အခြား ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် တဦးက ထောက်ခံပြီး လွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်။

၈။ ။ယာယီ သဘာပတိသည် လွှတ်တော် ရှေ့မှောက်တွင် အောက်ပါအတိုင်း ကတိ သစ္စာပြုရမည်—

"ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် လုပ်သား ပြည်သူတို့၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ခြင်း ခံရသော ကျွန်ုပ်/ကျွန်ုပ်တို့သည် အခြေခံ ဥပဒေနှင့် အခြားဥပဒေများကို ထိန်းသိမ်း စောင့်ရှောက်ပါမည်။ လုပ်သား ပြည်သူတို့၏ ဆန္ဒနှင့်အညီ ဆိုရှယ်လစ် လူ့ဘောင်ကို ဖြောင့်မတ် မှန်ကန်စွာ တည်ဆောက် ပါမည်။ လုပ်သား ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ သစ္စာရှိရှိ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

၉။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော် ယာယီသဘာပတိ ရှေ့မှောက်တွင် ပုဒ်မ ၈ တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုကြရမည်။

၁၀။ ။ပုဒ်မ ၇ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက တင်မြှောက်ထားသော ယာယီ သဘာပတိသည် အခြေခံ ဥပဒေအရ ပြည်သူ့လွှတ်တော်က သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက် ဖွဲ့စည်းပြီးသည်အထိ လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

၁၁။ ။လွှတ်တော်သည် အောက်ပါ အဖွဲ့အစည်းများကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းပြုရမည်။

(က) နိုင်ငံတော်ကောင်စီ၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ—

(၁) ဝန်ကြီးအဖွဲ့၊
(၂) ပြည်သူ့တရားသူကြီးအဖွဲ့၊
(၃) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၊
(၄) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့။

(ဂ) လွှတ်တော် အဖွဲ့အစည်းများ—

(၁) သဘာပတိအဖွဲ့၊
(၂) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မီတီ၊
(၃) လွှတ်တော်ရေးရာ ကော်မီတီများ၊
(၄) အခြားလိုအပ်သော ကော်မရှင်များနှင့် ကော်မီတီများ။

၁၂။ ။လွှတ်တော်၏ ပုံမှန်သက်တမ်းသည် ပထမအကြိမ် အစည်းအဝေး ကျင်းပသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

## အခန်း ၃

## သဘာပတိအဖွဲ့

၁၃။ ။လွှတ်တော် အစည်းအဝေးများကို ကြီးကြပ် ကွပ်ကဲရန်အတွက် သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

၁၄။ ။(က) ပြည်နယ်နှင့်တိုင်း တခုစီမှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်နယ်နှင့် တိုင်းအလိုက် မိမိတို့အထဲမှ သဘာပတိအဖွဲ့ဝင် တဦးကျစီကို ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်လိုက်သော သဘာပတိ အဖွဲ့ဝင်များ၏ အမည်စာရင်းကို ယာယီ သဘာပတိထံ တင်သွင်းရမည်။

(ဂ) ယာယီ သဘာပတိသည် ယင်းကဲ့သို့ တင်သွင်းသော အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်။

(ဃ) လွှတ်တော်မှ အတည်ပြုပြီးသော သဘာပတိ အဖွဲ့ဝင်များ၏ အမည်စာရင်းကို ယာယီ သဘာပတိက လွှတ်တော်သို့ ကြေညာရမည်။

၁၅။ ။(က) သဘာပတိ အဖွဲ့ဝင်များသည် လွှတ်တော် အစည်းအဝေး ကျင်းပသည့် နေ့များတွင် ပြည်နယ်နှင့် တိုင်းအမည် အက္ခရာစဉ်အလိုက် အလှည့်ကျ သဘာပတိများအဖြစ် တာဝန်ယူ ဆောင်ရွက်ကြရမည်။

(ခ) ယာယီ သဘာပတိသည် ပုဒ်မခွဲ (က)အရ ပထမဦးဆုံး ဆောင်ရွက်ရမည့် အလှည့်ကျ သဘာပတိထံ ယင်း၏ တာဝန်များကို လွှဲပြောင်း အပ်နှင်းရမည်။

၁၆။ ။သဘာပတိအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်၏ ကိုယ်စား လွှတ်တော် အစည်းအဝေးများကို ညှိနှိုင်း ကြီးကြပ် ကွပ်ကဲခြင်း၊

(ခ) လွှတ်တော် အစည်းအဝေးများတွင် ပြုလုပ် ဆောင်ရွက်ချက်များသည် အခြေခံ ဥပဒေနှင့် သော်လည်းကောင်း၊ ဤဥပဒေနှင့် သော်လည်းကောင်း ကိုက်ညီခြင်း ရှိစေရန် ညှိနှိုင်း၍ ကြပ်မတ်လမ်းညွှန်ခြင်း၊

(ဂ) လွှတ်တော် အစည်းအဝေးများ၌ ဆုံးဖြတ်ဖြေရှင်းရန် ကိစ္စများ ပေါ်ပေါက်လာပါက ညှိနှိုင်း၍ ဆုံးဖြတ်ဖြေရှင်းပေးခြင်း၊

(ဃ) သဘာပတိ အဖွဲ့ဝင်များသည် အခြား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနည်းတူ လွှတ်တော်အစည်းအဝေးများတွင် မဲပေးပိုင်ခွင့်ရှိခြင်း။

၁၇။ ။အလှည့်ကျ သဘာပတိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည်—

(က) လွှတ်တော် အစည်းအဝေးကို ဦးဆောင် ကြီးကြပ်ခြင်း၊

(ခ) လွှတ်တော်တွင်းအဖွဲ့အစည်းများကို လွှတ်တော်က ရွေးချယ် တင်မြှောက်ခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) လွှတ်တော်လုပ်ငန်း အဝဝသည် အခြေခံဥပဒေ၊ ဤဥပဒေနှင့် ကိုက်ညီမှုရှိ မရှိ၊ စည်းကမ်း ကျ မကျ ဆုံးဖြတ်၍ ကြပ်မတ်ခြင်း၊

(ဃ) လွှတ်တော်အစည်းအဝေးများကို စည်းကမ်းသေဝပ်စေရန်တာဝန်ယူခြင်း၊

(င) လွှတ်တော် အတွင်း ထိန်းသိမ်း၍ မရနိုင်လောက်အောင် စည်းကမ်း သေဝပ်မှု ပျက်ပြားသော အခြေအနေများ ပေါ်ပေါက်ပါက လွှတ်တော် အစည်းအဝေးကို ခေတ္တ ရပ်ဆိုင်းခြင်း၊

(စ) နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေး ကိစ္စရပ်များကို ဆွေးနွေး စဉ်းစားရန် ရှိသဖြင့် သော်လည်းကောင်း၊ အခြားလျှို့ဝှက် ကိစ္စရပ် များကို စဉ်းစား ဆွေးနွေးရန် ရှိသဖြင့် သော်လည်းကောင်း လွှတ်တော် အစည်းအဝေးကို တံခါးပိတ် ကျင်းပရန် ဆုံးဖြတ်ကြောင်း ကြေညာခြင်း၊

(ဆ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦး၏ တင်ပြ ဆွေးနွေးချက်များ သည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးက တင်ပြလာလျှင် အဆုံးအဖြတ်ပေးခြင်း၊

(ဇ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသည် သတ်မှတ် ခွင့်ပြုထား သော စကားပြောနိုင်သည့် အချိန်ထက် ကျော်လွန်၍ ပြောဆိုနေပါက သတိပေး ကြပ်မတ်ခြင်း၊

(ဈ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးဦးသည် လွှတ်တော်အစည်းအဝေး တရပ်ကို ရပ်ဆိုင်းရန်၊ သို့မဟုတ် ရွှေ့ဆိုင်းရန် တင်ပြလာပါက ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် အများစု၏ သဘောတူညီချက်ကို ရယူ၍ ဆောင်ရွက်ခြင်း၊

(ည) လွှတ်တော်တွင် ဆွေးနွေးဆဲ အကြောင်းကိစ္စရပ် တခုကို ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် တဦးဦးက ရွှေ့ဆိုင်းရန်၊ သို့မဟုတ် ရပ်ဆိုင်း ရန် တင်ပြလာပါက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အများစု၏ သဘောတူညီချက်ကို ရယူ၍ ဆောင်ရွက်ခြင်း၊

(ဋ) လွှတ်တော် အစည်းအဝေးတွင် မဲခွဲ၍ အဆုံးအဖြတ် ရယူရန် ပေါ်ပေါက် အည့်အခါ လိုအပ်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ပြည့် ရန်အတွက် အစည်းအဝေး တက်ရောက်ရန် ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်များအား နှိုးဆော်ခြင်း၊ ယင်းနှိုးဆော်ပြီးနောက် သင့်လျော် သည့်အချိန်ထိ စောင့်ဆိုင်းသော်လည်း လိုအပ်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ မပြည့်ပါက လွှတ်တော် အစည်းအဝေးကို သင့် လျော်သလို ရွှေ့ဆိုင်းခြင်း၊

(ဌ) လွှတ်တော်တွင် တင်ပြသည့် ကိစ္စတရပ်သည် အငြင်းကိစ္စ၊ သို့မဟုတ် သာမန်ကိစ္စဟူ၍ အယူအဆ ကွဲလွဲနေပါက ယင်းပြဿနာကို လွှတ်တော် အစည်းအဝေး တက်ရောက်လာသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အဆုံးအဖြတ် တောင်းခံခြင်း၊

(ဍ) အကြောင်းကိစ္စရပ် တခုနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်များက မည်သည့်နည်းဖြင့် ဆန္ဒပေးရမည်ကို ဆုံးဖြတ်သတ်မှတ် ခြင်း၊

(ဎ) အကြောင်းကိစ္စရပ် တခုနှင့် ပတ်သက်၍ လိုအပ်လျှင် လွှတ်တော်၏ ဆန္ဒ သဘောထားကို ရယူခြင်း၊ ယင်းဆန္ဒ သဘောထားကို ကြေညာ ခြင်း။

၁၈။ ။အလှည့်ကျ သဘာပတိသည် အောက်ပါ ကိစ္စရပ်များကို အရေးယူ ဆောင်ရွက် ရန် ပေါ်ပေါက်လာပါက သဘာပတိ အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ စုပေါင်းဆုံးဖြတ်ရမည်—

(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးက လွှတ်တော် ရှေ့မှောက်တွင် မဖွယ်မရာပြုမူ ပြောဆိုသည့်အတွက် လက်ရှိ ကျင်းပနေသော လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်ခွင့် မပြုရန် အကြာနှင့်အလိုက်ဖြင့် ပိတ် ပင်ခြင်း၊

(ခ) လွှတ်တော်၏ သိက္ခာကို ထိပါးစေသော ရေးသား ပြောဆိုမှုနှင့် လွှတ် တော်တွင်း ဆောင်ရွက်ချက်များကို ဖောက်ပြန် မှားစေသော ရေး

သား ပြောဆိုမှုများအတွက် မည်သိမည်ပုံ အရေးယူရမည်ကို ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(ဂ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသည် လွှတ်တော်၏ ခွင့်ပြုချက်မရရှိပဲ၊ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက် မရှိပဲ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် ပျက်ကွက်လျှင် မည်သို့အရေးယူရမည်ကို ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(ဃ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦး၏ တင်ပြဆွေးနွေးချက်ကို တစုံတခုသော အကြောင်းကြောင့် လွှတ်တော်မှတ်တမ်းတွင် ထည့်သွင်းရန်သင့် မသင့် ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(င) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များအနက် မည်သည့် တင်ပြ ဆွေးနွေးချက်များကို နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် သတ်မှတ် သင့်သည်ဟု ညှိနှိုင်း ဆုံးဖြတ်ခြင်း၊

(စ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေရန် ပြုမူပါက မည်ကဲ့သို့ အရေးယူရမည်ကို ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(ဆ) လွှတ်တော် အစည်းအဝေး ကျင်းပချိန်၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဦးကို ဖမ်းဆီးချုပ်နှောင်ရန်ရှိပါက ညှိနှိုင်းဆုံးဖြတ်ပေးခြင်း။

၁၉။ ။သဘာပတိအဖွဲ့၏ သက်တမ်းသည် နောက်တကြိမ် ကျင်းပသည့် လွှတ်တော်ပုံမှန် အစည်းအဝေးက သဘာပတိအဖွဲ့ ရွေးချယ်တင်မြှောက်ပြီးသည့်နေ့အထိ ဖြစ်သည်။

၂၀။ ။ပထမအကြိမ် ကျင်းပမည့် လွှတ်တော် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးအား သဘာပတိ အဖွဲ့ဝင်တဦးအဖြစ် ရွေးချယ်တင်မြှောက်ပြီးမှ နိုင်ငံတော် ကောင်စီဝင် အဖြစ်လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း လွှတ်တော်မှ ရွေးချယ်တင်မြှောက်ခြင်း ခံရပါက ယင်းသဘာပတိအဖွဲ့ဝင်နေရာ၌ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့အထဲမှ သဘာပတိအဖွဲ့ဝင် တဦးကို အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

## အခန်း ၄

## နိုင်ငံတော်ကောင်စီဖွဲ့စည်းခြင်း

၂၁။ ။လွှတ်တော်သည် နိုင်ငံတော် ကောင်စီကို အောက်ပါအတိုင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နှစ်ဆယ့်ကိုးဦးဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်—

(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ပြည်နယ်နှင့် တိုင်းအလိုက် မိမိတို့အထဲမှ တဦးကျစီ ရွေးချယ် တင်မြှောက်လိုက်သော နိုင်ငံတော် ကောင်စီဝင် တဆယ့်လေးဦး၊

(ခ) လွှတ်တော်မှ ရွေးချယ် တင်မြှောက်လိုက်သော နိုင်ငံတော် ကောင်စီဝင် တဆယ့်လေးဦး၊

(ဂ) ဝန်ကြီးချုပ်။

၂၂။ (က) ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်နယ်နှင့် တိုင်းအလိုက် မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီဝင်တဦးကျစီကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ခ) နိုင်ငံတော် ကောင်စီဝင်အဖြစ် ပြည်နယ်နှင့် တိုင်း၊ တခုစီမှ ရွေးချယ်ပေးလိုက်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိထံ တင်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ရွေးချယ်ခြင်းခံရသော နိုင်ငံတော် ကောင်စီဝင်များ၏ အမည် စာရင်းကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ ကြေညာရမည်၊

၂၃။ (က) နိုင်ငံတော် ကောင်စီဝင် တဆယ့်လေးဦးကို လွှတ်တော်မှ ရွေးချယ် တင်မြှောက်နိုင်ရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် နိုင်ငံတော် ကောင်စီဝင်လောင်းများ၏ အမည်စာရင်းများကို အလှည့်ကျသဘာပတိထံ တင်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် နိုင်ငံတော် ကောင်စီဝင်လောင်း တဦးမှ တဆယ့်လေးဦးအထိ အမည် စာရင်းကို သတ်မှတ်ထားသည့် ပုံစံဖြင့် တင်သွင်းရမည်။

(ဂ) နိုင်ငံတော် ကောင်စီဝင်လောင်း အမည်စာရင်းများကို ရရှိသောအခါ ဆန္ဒအများအနည်းအလိုက် စုဆောင်းစိစစ်၍ နိုင်ငံတော်ကောင်စီဝင်လောင်း နှစ်ဆယ့်ရှစ်ဦးအထိ အမည်စာရင်းကို ပြုစုပြီး သဘာပတိက လွှတ်တော်သို့ ကြေညာရမည်။

(ဃ) နိုင်ငံတော် ကောင်စီဝင်လောင်းများ၏ အမည် စာရင်းထဲမှ နိုင်ငံတော်ကောင်စီဝင် တဆယ့်လေးဦးကို လွှတ်တော်က လျှို့ဝှက်ဆန္ဒမဲဖြင့်ရွေးချယ်တင်မြှောက်ရမည်။

(င) နိုင်ငံတော် ကောင်စီဝင်များ အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းကို လွှတ်တော်သို့ အလှည့်ကျ သဘာပတိကကြေညာရမည်။

၂၄။ (က) ပုဒ်မ ၂၂ နှင့် ၂၃ အရ ရွေးချယ်တင်မြှောက် လိုက်သည့် နိုင်ငံတော် ကောင်စီဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူး တဦးကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ် တင်မြှောက်ရမည်။

(ခ) နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၂၅။ ။နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်က ပြဋ္ဌာန်းလိုက်သော ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များကို လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်း၊

(ခ) နိုင်ငံတော် ကောင်စီ၏ အမိန့်များကို လက်မှတ် ရေးထိုးထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော် ကောင်စီ အစည်းအဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပခြင်း၊

(ဃ) နိုင်ငံတော်ကောင်စီ အစည်းအဝေး အစီအစဉ်များကို နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနှင့် ညှိနှိုင်း၍ ဆုံးဖြတ် အတည်ပြုခြင်း၊

(င) နိုင်ငံတော် ကောင်စီ အစည်းအဝေး များ၌ သဘာပတိအဖြစ် ဆောင်ရွက်၍ ယင်းအစည်းအဝေးများကို ကွပ်ကဲကြပ်မတ်ခြင်း။

၂၆။ ။နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်ကောင်စီ အစည်းအဝေးများတွင် အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်ကောင်စီ အစည်းအဝေး အစီအစဉ်များကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် ညှိနှိုင်းရေးဆွဲခြင်း၊

(ဂ) နိုင်ငံတော် ကောင်စီ အစည်းအဝေးများကို နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ခေါ်ယူကျင်းပခြင်း၊

(ဃ) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီရုံးကို ကြီးကြပ်ကွပ်ကဲ ဦးဆောင်ခြင်း၊

(င) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌသည် ယာယီအားဖြင့် တာဝန်ဝတ္တရားများကိုထမ်းဆောင်ခြင်း မပြုနိုင်သည့်အခါတွင် ဥက္ကဋ္ဌ၏ တာဝန်နှင့် ဝတ္တရားများကိုပါ ယာယီ ပူးတွဲထမ်းဆောင်ခြင်း၊

(စ) နိုင်ငံတော်ကောင်စီ အစည်းအဝေး မှတ်တမ်းများကို ထုတ်ပြန်ခြင်းနှင့် ထိန်းသိမ်းထားရှိခြင်း၊

(ဆ) နိုင်ငံတော်ကောင်စီက ပေးအပ်သော အခြား တာဝန် များကိုလည်း ဆောင်ရွက်ခြင်း။

၂၇။ ။နိုင်ငံတော်ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော် အစည်းအဝေးတခုနှင့် တခုအကြား နိုင်ငံတော်၏ အရေးကိစ္စအဝဝတို့ကို ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စား အရေးယူဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော် ကောင်စီ၏ လုပ်ငန်းတာဝန်များကို စုပေါင်း ဦးဆောင်မှုစနစ်အရ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ဗဟို အာဏာပိုင် အဖွဲ့အစည်းများနှင့် လွှတ်တော်အဖွဲ့အစည်းများ အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ အမည်စာရင်း များကိုညှိနှိုင်းရွေးချယ်ပြီး လွှတ်တော်သို့တင်သွင်းခြင်း၊

(ဃ) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီတွင် ပါဝင်ရမည့် နိုင်ငံတော် ကောင်စီဝင်လေးဦး၏ အမည်စာရင်းကို ညှိနှိုင်း၍ လွှတ် တော်သို့တင်သွင်းခြင်း၊

(င) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ ဒုတိယ ဝန်ကြီးများအဖြစ် ခန့်ထားနိုင်ရေးအတွက် ဝန်ကြီးအဖွဲ့က တင်သွင်းသော အမည်စာရင်း ကို စိစစ်၍ ရွေးချယ်ခန့်အပ်ခြင်း။

## အခန်း ၅

## ဗဟိုအာဏာပိုင် အဖွဲ့အစည်းများဖွဲ့စည်းခြင်း

၂၈။ ။(က) လွှတ်တော်မှ ချမှတ်ထားသော လုပ်ငန်းများကို တာဝန်ယူ ဆောင် ရွက်ရန်အတွက် ဝန်ကြီးအဖွဲ့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ အနည်းဆုံး တဆယ့်ငါးဦးမှ အများဆုံး နှစ်ဆယ့်ငါးဦးဖြင့် ဖွဲ့စည်း ရမည်။

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အနည်းဆုံးငါးဦးမှ အများဆုံး ကိုးဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ကို ပြည်သူ့လွှတ်တော် ကိုယ် စားလှယ် အနည်းဆုံးငါးဦးမှ အများဆုံး ကိုးဦးဖြင့် ဖွဲ့စည်းရမည်။

(ဃ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ကို ပြည်သူ့လွှတ်တော် ကိုယ်စား လှယ် အနည်းဆုံးငါးဦးမှ အများဆုံး ကိုးဦးဖြင့် ဖွဲ့စည်းရမည်။

(င) ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) တွင်ဖော်ပြထားသည့် ကန့်သတ် ချက်များအတွင်း ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီးတွင် လိုအပ် သည့်အရေအတွက်ကို ဦးရေကို အခြေခံ ဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) အရ ရွေးချယ်တင်မြှောက် ထားသော နိုင်ငံတော်ကောင်စီ ဝင်များက သတ်မှတ်ပေးရမည်။

(စ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီးကို လွှတ်တော်မှ ရွေးချယ် တင်မြှောက်နိုင်ရန်အတွက် အဖွဲ့အစည်း တရပ်စီအတွက် သတ်မှတ် ထားသောဦးရေကို သင့်လျော်သော ဦးရေဖြင့် ထပ်ဆောင်းထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ သီးခြား အမည်စာရင်း များကို အခြေခံ ဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များကအလှည့် ကျသဘာပတိအဖွဲ့ထံ တင်သွင်းရမည်။

(ဆ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီး၏ အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းများကို အလုံးစုံညီညွတ်သော သဘာပတိက လွှတ်တော်သို့ ကြေညာပြီး၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီးကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ဇ) လွှတ်တော်က ရွေးချယ်တင်မြှောက်သော ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီး၏ အဖွဲ့ဝင် အမည်စာရင်းများကို အလုံးစုံညီညွတ်သော သဘာပတိ ကလွှတ်တော်သို့ ကြေညာရမည်။

၂၉။ ။ဝန်ကြီးအဖွဲ့သည် ဝန်ကြီးအဖွဲ့ဝင်များထဲမှ ဝန်ကြီးချုပ်တဦးကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

၃၀။ ။ဝန်ကြီးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဝန်ကြီးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ဝန်ကြီး အဖွဲ့ဝင်များထဲမှ ဒုတိယ ဝန်ကြီးချုပ်တဦး၊ သို့မဟုတ် ဒုတိယ ဝန်ကြီးချုပ်များအဖြစ် ရွေးချယ် တင်မြှောက်နိုင်ရန် အမည်စာရင်း တင်သွင်းခြင်း၊

(ဂ) ဝန်ကြီး အဖွဲ့ဝင်များအား ဝန်ကြီးဌာနအလိုက် တာဝန်ခွဲဝေ သတ်မှတ်ပေးရန် ဒုတိယ ဝန်ကြီးချုပ်များနှင့် ညှိနှိုင်း၍ ဝန်ကြီးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ ဒုတိယ ဝန်ကြီးများအဖြစ် တာဝန် ပေးအပ်နိုင်ရန်အတွက် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော် ကောင်စီသို့ အမည်စာရင်း တင်သွင်းခြင်း၊

(င) ဝန်ကြီးအဖွဲ့၏ အစည်းအဝေး အစီအစဉ်များ ရေးဆွဲခြင်း၊

(စ) ဝန်ကြီးအဖွဲ့၏ အစည်းအဝေးများကို ခေါ်ယူကျင်းပခြင်း၊

(ဆ) ဝန်ကြီးအဖွဲ့၏ အစည်းအဝေးများ၌ သဘာပတိအဖြစ် ဆောင်ရွက်၍ ယင်းအစည်းအဝေးများကို ကွပ်ကဲ ကြပ်မခြင်း။

၃၁။ ။(က) ဝန်ကြီးအဖွဲ့တွင် ဒုတိယ ဝန်ကြီးချုပ် သုံးဦးအထိ ရွေးချယ် တင်မြှောက်နိုင်သည်။

(ခ) ယင်း ကန့်သတ်ချက်အတွင်း ရွေးချယ် တင်မြှောက်ရန် လိုအပ်သော ဒုတိယဝန်ကြီးချုပ်ဦးရေကို နိုင်ငံတော် ကောင်စီက သတ်မှတ်ပေးရမည်။

(ဂ) ဝန်ကြီးအဖွဲ့သည် ဝန်ကြီးချုပ်က တင်သွင်းသော အထက်ပုဒ်မခွဲ (ခ) တွင် သတ်မှတ်သော ဦးရေ၏ နှစ်ဆဖြစ်သော ဝန်ကြီးအဖွဲ့ဝင် အမည် စာရင်းမှ လိုအပ်သော ဒုတိယဝန်ကြီးချုပ်၊ သို့မဟုတ် ဒုတိယဝန်ကြီး ချုပ်များကို လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ် တင်မြှောက်ရမည်။

၃၂။ ။နိုင်ငံတော် ကောင်စီက သတ်မှတ်ပေးသော ဝန်ကြီးဌာနများအလိုက် ဝန်ကြီးအဖွဲ့ဝင်များအား တာဝန်ခွဲဝေ သတ်မှတ်ပေးရန် ဝန်ကြီးချုပ်သည် ဒုတိယ ဝန်ကြီးချုပ်များနှင့် ညှိနှိုင်းပြီးနောက် ဝန်ကြီးအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၃၃။ ။ဝန်ကြီးဌာနများ၏ အမည်များနှင့် လုပ်ငန်းတာဝန် အသီးသီးတို့ကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းရမည်။

၃၄။ ။ဝန်ကြီးချုပ်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏အမည်နှင့် တာဝန်ခွဲဝေသတ်မှတ်မှုများကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၃၅။ ။ပြည်သူ့ တရားသူကြီးအဖွဲ့၊ ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့နှင့် ပြည်သူ့ လုပ်ငန်းစစ်ဆေးရေး အဖွဲ့များ၏ ဥက္ကဋ္ဌ တဦးစီကို သက်ဆိုင်ရာအဖွဲ့သည် မိမိအထဲမှ လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ပြီး လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

## အခန်း ၆

## လွှတ်တော်အဖွဲ့အစည်းများဖွဲ့စည်းခြင်း

၃၆။ ။လွှတ်တော်သည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီကို အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းရမည်—

၃၇။ ။(က) နိုင်ငံတော် ကောင်စီသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီကို လွှတ်တော်မှ ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံတော် ကောင်စီဝင်များထဲမှ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမှအပ၊ နိုင်ငံတော် ကောင်စီဝင် လေးဦးကိုလည်းကောင်း၊ ဝန်ကြီးအဖွဲ့မှ ဝန်ကြီးချုပ်၊ ကာကွယ်ရေးနှင့် ဆိုင်သည့်ဝန်ကြီး၊ နိုင်ငံခြားရေးနှင့် ဆိုင်သည့်ဝန်ကြီး ပြည်ထဲရေးနှင့် ဆိုင်သည့် ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် ဆိုင်သည့်ဝန်ကြီး တို့ကို လည်းကောင်း နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီဝင်များအဖြစ် လွှတ်တော်သို့ အမည်စာရင်း တင်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ နိုင်ငံတော် ကောင်စီက တင်သွင်းသော နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီဝင်လောင်းများ၏ အမည်စာရင်းကို အလည့်ကျ သဘာပတိက လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

(ဂ) လွှတ်တော်မှ အတည်ပြုသော နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီဝင်များ၏ အမည်စာရင်းများကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ ကြေညာရမည်။

(ဃ) ယင်းကော်မီတီတွင် ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၃၈။ ။(က) အောက်ပါ လွှတ်တော်ရေးရာ ကော်မီတီများကို ဖွဲ့စည်းထားရှိရမည်—

(၁) ဘဏ္ဍာရေးနှင့် အမျိုးသား စီမံကိန်းရေးရာကော်မီတီ၊
(၂) သမဝါယမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောရေးရာကော်မီတီ၊
(၃) ကုန်သွယ်ရောင်းဝယ်ရေးရာကော်မီတီ၊
(၄) စက်မှုလက်မှုနှင့် သယံဇာတ ပစ္စည်းရေးရာကော်မီတီ၊
(၅) ဆောက်လုပ်ရေးနှင့် ပို့ဆောင် ဆက်သွယ်ရေးရာ ကော်မီတီ၊
(၆) သိပ္ပံနှင့် နည်းပညာရေးရာကော်မီတီ၊
(၇) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ကော်မီတီ၊
(၈) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနှင့် နိုင်ငံခြားရေးရာ ကော်မီတီ၊
(၉) ဥပဒေကြမ်း ရေးရာကော်မီတီ၊
(၁၀) လူမှုရေးနှင့် ပြန်ကြားရေးရာ ကော်မီတီ၊
(၁၁) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မီတီ၊
(၁၂) တိုင်းရင်းသား လူမျိုးများရေးရာ ကော်မီတီ၊
(၁၃) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မီတီ။

(ခ) လွှတ်တော်ရေးရာ ကော်မီတီ တခုစီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အနည်းဆုံး ငါးဦးမှ အများဆုံး တဆယ့်ငါးဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (ခ)တွင် ဖော်ပြထားသည့် ကန့်သတ်ချက်အတွင်း လွှတ်တော်ရေးရာကော်မီတီ တခုစီတွင် ပါဝင်ရမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေကို နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးရမည်။

၃၉။ ။(က) နိုင်ငံတော် ကောင်စီသည် ပုဒ်မ ၃၈ တွင် ဖော်ပြထားသည့် လွှတ်တော်ရေးရာ ကော်မီတီများကို လွှတ်တော်မှ ရွေးချယ် တင်မြှောက်နိုင်ရန် အတွက် လိုအပ်သော လွှတ်တော်ရေးရာ ကော်မီတီဝင်ဦးရေထက် သင့်လျော်သော ဦးရေဖြင့် ထပ်ဆောင်းထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိထံ တင်သွင်းရမည်။

(ခ) နိုင်ငံတော် ကောင်စီက တင်သွင်းသော လွှတ်တော်ရေးရာ ကော်မီတီဝင်လောင်းများ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ ကြေညာပြီး လိုအပ်သော လွှတ်တော်ရေးရာ ကော်မီတီဝင် ဦးရေကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ဂ) လွှတ်တော်က ရွေးချယ်တင်မြှောက်သော လွှတ်တော်ရေးရာ ကော်မီတီဝင်များ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ ကြေညာရမည်။

(ဃ) လွှတ်တော်ရေးရာ ကော်မီတီဝင်များကို နိုင်ငံတော် ကောင်စီက လွှတ်တော်ရေးရာ ကော်မီတီအလိုက် တာဝန်ခွဲဝေ၍ ဖွဲ့စည်းပေးရမည်။

၄၀။ ။နိုင်ငံတော် ကောင်စီသည် လွှတ်တော်ရေးရာ ကော်မီတီများတွင် တာဝန်ယူ ဦးဆောင်ရမည့် အတွင်းရေးမှူး အသီးသီးကို သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီဝင်များထဲမှ ရွေးချယ်၍ တာဝန်ပေးအပ်ရမည်။

၄၁။ ။လွှတ်တော်ရေးရာ ကော်မီတီများတွင် ပါဝင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးသည် လွှတ်တော်ရေးရာ ကော်မီတီ နှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်ခွင့် မရှိစေရ။

၄၂။ ။(က) ပုဒ်မ ၃၉ ပုဒ်မခွဲ (ဃ)အရ နိုင်ငံတော်ကောင်စီက တာဝန်ခွဲဝေ ဖွဲ့စည်းလိုက်သော လွှတ်တော်ရေးရာ ကော်မီတီများကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ခ) ပုဒ်မခွဲ (က)အရ လွှတ်တော်က အတည်ပြုပြီးသော လွှတ်တော်ရေးရာ ကော်မီတီများကို လွှတ်တော်သို့ ကြေညာရမည်။

## အခန်း ၇

## ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း

၄၃။ ။(က) နိုင်ငံတော် ကောင်စီသည် လိုအပ်သည်ဟု ယူဆသော ဥပဒေကြမ်းများကို လွှတ်တော်သို့ တင်သွင်းနိုင်သည်။

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်သည် သော်လည်းကောင်း၊ လွှတ်တော် အဖွဲ့အစည်း တရပ်ရပ်သည် သော်လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လွှတ်တော် အဖွဲ့အစည်းများ၏ အဖွဲ့ဝင် မဟုတ်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် သော်လည်းကောင်း လိုအပ်သည်ဟု ယူဆသော ဥပဒေကြမ်းများကို နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့ တင်သွင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)အရ ဥပဒေကြမ်းများ တင်သွင်းနိုင်သော်လည်း စီးပွားရေး စီမံကိန်းနှင့် ပတ်သက်သည့် ဥပဒေကြမ်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်သည့် ဥပဒေကြမ်းနှင့် အခွန် အကောက်နှင့် ပတ်သက်သည့် ဥပဒေကြမ်းများကိုမူ ဝန်ကြီးအဖွဲ့ကသာ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့ တင်သွင်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (က) (ခ)နှင့် (ဂ)အရ ဥပဒေကြမ်း တင်သွင်းရာတွင် ဥပဒေကြမ်းများ၏ ရည်ရွယ်ချက်များနှင့်အကျိုးအကြောင်း ဖော်ပြချက်များကို အတူပူးတွဲ၍ တင်သွင်းရမည်။

(င) လွှတ်တော်သို့ တင်သွင်းလိုသော ဥပဒေကြမ်းများကို လွှတ်တော် အစည်းအဝေး မကျင်းပမီ အနည်းဆုံး ရက်ပေါင်း (၂၁) ရက်ကြိုတင်၍ နိုင်ငံတော်ကောင်စီသို့ အရောက် ပေးပို့ရမည်။ သို့ရာတွင် အရေးတကြီး ပြဋ္ဌာန်းရန် လိုအပ်သည်ဟု နိုင်ငံတော် ကောင်စီက ယူဆသော ဥပဒေ

ကြမ်းတရပ်ကို သော်လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်က ယင်းကဲ့သို့ ယူဆပြီး နိုင်ငံတော် ကောင်စီက သဘောတူသော ဥပဒေကြမ်း တရပ်ကို သော်လည်းကောင်း ကြိုတင်ပေးပို့ခြင်း မရှိပဲ သဘာပတိအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ တင်သွင်းနိုင်သည်။

၄၄။ ။လွှတ်တော် အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းပြီးဖြစ်သော ဥပဒေကြမ်း များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား အနည်းဆုံး (၇)ရက်ကြိုတင် ဝေငှ ထားရမည်။

၄၅။ ။(က) နိုင်ငံတော် ကောင်စီမှ တင်သွင်းသော ဥပဒေကြမ်းများကို နိုင်ငံတော် ကောင်စီ အတွင်းရေးမှူး၊ သို့မဟုတ် နိုင်ငံတော် ကောင်စီဝင် တဦးဦးက လွှတ်တော်တွင် ဖတ်ကြားရှင်းလင်း တင်သွင်းရမည်။

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်မှ တင်သွင်းသော ဥပဒေကြမ်းကို သက်ဆိုင်ရာ အဖွဲ့အစည်းမှ အဖွဲ့ဝင် တဦးဦးက လွှတ်တော်တွင် ဖတ်ကြား ရှင်းလင်း တင်သွင်းရမည်။

(ဂ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်၏ အဖွဲ့ဝင် မဟုတ်သော ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် တဦးဦးက တင်သွင်းသည့် ဥပဒေကြမ်းကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က လွှတ်တော်တွင် ဖတ်ကြားရှင်းလင်း ရမည်။

၄၆။ ။ပုဒ်မ ၄၃ အရ တင်သွင်းသော ဥပဒေကြမ်း တရပ်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဦးက ထောက်ခံရမည်။ ယင်းကဲ့သို့ ထောက်ခံရာ၌ မည်သည့် အကြောင်း ကြောင့် ထောက်ခံရကြောင်းကို အကျဉ်းမျှ ရှင်းလင်းတင်ပြရမည်။

၄၇။ ။(က) ပုဒ်မ ၄၅ အရ တင်သွင်းသည့် ဥပဒေကြမ်း တရပ်ကို လွှတ်တော်မှ မူအားဖြင့် လက်ခံစဉ်းစား ဆွေးနွေးရန် သဘောတူမတူကိုအလှည့်ကျ သဘာပတိက လွှတ်တော်၏ ဆန္ဒကို ရယူရမည်။

(ခ) ပုဒ်မခွဲ (က)အရ လွှတ်တော်မှ လက်ခံသော ဥပဒေကြမ်းကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ ကြေညာရမည်။

၄၈။ ။(က) ပုဒ်မ ၄၇ အရ လွှတ်တော်မှ ဆွေးနွေးစဉ်းစားရန် လက်ခံပြီးဖြစ်သည့် ဥပဒေကြမ်း တရပ်အပေါ်တွင် ဆွေးနွေးလိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် အမည်စာရင်းများကို သဘာပတိ အဖွဲ့ထံသို့ ၂၄ နာရီကြိုတင်၍ ပေးပို့ထားရမည်။

(ခ) သဘာပတိအဖွဲ့သည် ပုဒ်မခွဲ (က)အရ ဥပဒေကြမ်း တရပ်အပေါ် ဆွေးနွေးရန်အတွက် အမည်စာရင်း တင်သွင်းထားသော ပြည်သူ့လွှတ် တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်း၍ ဆွေးနွေးရန် သတ်မှတ်ပေး ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဥပဒေကြမ်း တရပ်အပေါ်တွင် တင်ပြဆွေးနွေးမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်များကို အလှည့်ကျ သဘာပတိက ကြေညာရမည်။

၄၉။ ။လွှတ်တော်သို့ တင်သွင်းသည့် ဥပဒေကြမ်းများကို ဆွေးနွေးရာတွင် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်—

(က) ဆွေးနွေးချက်သည် ဥပဒေကြမ်းနှင့် တိုက်ရိုက် သက်ဆိုင်ရမည်၊
(ခ) ဥပဒေကြမ်းနှင့် ပတ်သက်သော လိုရင်း အချက်ကိုသာ တင်ပြဆွေးနွေး ရမည်၊
(ဂ) ပြည်သူ့ဆန္ဒနှင့် သဘောထားများကို ထင်ဟပ်ဖော်ပြစေရမည်၊
(ဃ) ဓမ္မဋ္ဌာန်ကျကျ ဆွေးနွေးတင်ပြရမည်၊
(င) ဆွေးနွေးတင်ပြရန် ခွင့်ပြုထားသော အချိန်အတွင်းသာ တင်ပြဆွေးနွေး ရမည်၊
(စ) ဥပဒေကြမ်း တရပ်တွင် ဖော်ပြထားသည့် အပိုဒ်များ၏ ရှေ့နောက် အစီအစဉ်အတိုင်း တင်ပြဆွေးနွေးရမည်။

၅၀။ ။ဥပဒေကြမ်း တရပ်အပေါ်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးစဉ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်များ၊ ဖြည့်စွက်ချက်များနှင့် ဖြုတ်ပယ်ချက် များကို အဆိုပြု တင်သွင်းနိုင်သည်။

၅၁။ ။ဥပဒေကြမ်းကို စတင်တင်ဘသွင်းခဲ့သည့် နိုင်ငံတော် ကောင်စီ၏ ကိုယ်စားလှယ်၊ သို့မဟုတ် ဗဟိုအာဏာပိုင် အဖွဲ့အစည်း၊ သို့မဟုတ် လွှတ်တော် အဖွဲ့အစည်း တရပ်ရပ်၏ ကိုယ်စားလှယ်၊ သို့မဟုတ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဦးသည် နောက်ဆုံး အကြိမ်အဖြစ် ဆွေးနွေးရှင်းလင်း တင်ပြခွင့်ရှိသည်။

၅၂။ ။(က) ပုဒ်မ ၅၀ အရ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်နှင့် ဖြုတ်ပယ်ရန် အဆိုတင်သွင်း ခံရသော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေး တင်ပြချက်များကို မူလပြင်ဆင်ရန်၊ ဖြည့်စွက်ရန်နှင့် ဖြုတ်ပယ်ရန်အဆို ပြု တင်သွင်းသူအနေနှင့် ကျေနပ်ပါက မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်း နိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်နှင့် ဖြုတ်ပယ်ချက်များကို ပြန်လည်ရုပ်သိမ်းခြင်း မပြုပါက ယင်းပြင်ဆင်ချက်၊ ဖြည့်စွက်ချက်နှင့် ဖြုတ်ပယ်ချက်များနှင့် စပ်လျဉ်း၍ အလှည့်ကျသဘာပတိသည် လွှတ် တော်၏ သဘောထားကို ရယူရမည်။

(ဂ) ပြင်ဆင်ချက်များ၊ ဖြည့်စွက်ချက်များနှင့် ဖြုတ်ပယ်ချက်များ အပေါ် တွင် လွှတ်တော်၏ သဘောထားကို ရယူပြီးနောက် ဥပဒေကြမ်း၊ သို့မဟုတ် ပြင်ဆင်ထားသည့် ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းရန် အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရမည်။

၅၃။ ။လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းထားသော ဥပဒေများကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် လက်ခံရရှိသည့် နေ့မှစ၍ ၇ ရက်အတွင်း လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာရမည်။

၅၄။ ။လွှတ်တော်တွင် နည်းဥပဒေကြမ်းများကိုလည်း ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းအတွက် သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း တင်သွင်းရမည်။

## အခန်း ၈

## အဆိုများတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း

၅၅။ ။(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တဦးသည် လွှတ်တော်တွင် အဆို တင်သွင်းလိုလျှင် အနည်းဆုံး ၄၈ နာရီ မတိုင်မီ မိမိလက်မှတ် ရေးထိုးထားသော အဆိုလွှာကို သဘာပတိအဖွဲ့သို့ ကြိုတင်ပေးပို့ရမည်။

(ခ) ဓမ်းသာကြောင်း အဆိုများ၊ သို့မဟုတ် ဝမ်းနည်းကြောင်း အဆိုများ၊ သို့မဟုတ် အရေးပေါ် အခြေအနေအရ တင်သွင်းရန် လိုအပ်သော အဆိုများကို သဘာပတိအဖွဲ့ထံ ကြိုတင် အကြောင်းကြားထားခြင်း မရှိစေကာမူ အသည့်ကျ သဘာပတိက တင်သွင်းခွင့်ပြုလျှင် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူ၍ တင်သွင်းဆွေးနွေးနိုင်သည်။

(ဂ) လွှတ်တော်သို့ တင်သွင်းသည့် အဆိုများသည် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည် —

(၁) အများပြည်သူနှင့် သက်ဆိုင်ရမည်၊

(၂) လိုရင်း အချက်ကို ရှင်းလင်းတိကျစွာ ရေးသားဖော်ပြရမည်၊

(၃) အဆိုများကို ရေးသား စီကုံးရာတွင် လွှတ်တော်မှ "ထောက်ခံကြောင်း၊ ယုံကြည်ကြောင်း၊ တိုက်တွန်းကြောင်း၊ လက်ခံကြောင်း၊ ကြေညာကြောင်း" စသည့် ဘာသာစကားမျိုးဖြင့် ရေးသားဖော်ပြရမည်၊

(၄) ဘာသာရေးနှင့် နိုင်ငံရေးတို့ကို ရောယှက်သော အဆို၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်သောအဆို၊ သို့မဟုတ် နိုင်ငံတော်က ကျင့်သုံးသော ဆိုရှယ်လစ် စနစ်ကို ပုတ်ခတ်သောအဆို မဖြစ်စေရ၊

(၅) ပြည်သူ့လွှတ်တော်၏ ဆန္ဒသဘောထားကို ထင်ဟပ်ဖော်ပြသော အဆိုမျိုး ဖြစ်စေရမည်။

၅၆။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးက တင်သွင်းသော အဆိုသည် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းရှိ မရှိနှင့် တင်သွင်းခွင့်ပြုမည် မပြုမည်ကို သဘာပတိအဖွဲ့က စိစစ်ဆုံးဖြတ်ရမည်။

၅၇။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက တင်သွင်းသည့် အဆိုများသည် သဘောထားခြင်း တူညီနေကြောင်းကို သဘာပတိအဖွဲ့မှ တွေ့ရှိပါက သဘောထားခြင်း တူညီနေသော အဆိုများကို ပေါင်းစပ်၍ အဆိုတရပ်တည်းအဖြစ် တင်သွင်းရန် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

၅၈။ ။(က) သဘာပတိအဖွဲ့သည် လွှတ်တော်သို့ တင်သွင်းရန် ခွင့်ပြုထားသည့် အဆိုများကို စိစစ်၍ နိုင်ငံတော်၏အကျိုး လွှတ်တော် အစည်းအဝေးအချိန်နှင့် အဆိုတင်သွင်းသော အကြောင်းကြားစာ လက်ခံရရှိသည့် နေ့ရက် အစအစဉ်ကို အခြေခံ သုံးသပ်၍ မည်သည့်အဆိုများအား ဦးစားပေး တင်သွင်းရမည်ကို ဆုံးဖြတ်ရမည်။

(ခ) အဆိုများ တင်သွင်းခွင့်ပြုသည့် အစီအစဉ်ကို သတ်မှတ်ရာတွင် နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများမှ တင်သွင်းရန် သဘာပတိအဖွဲ့အား အကြောင်းကြားထားသည့် အဆိုများကို ဦးစားပေး၍ တင်သွင်းခွင့် ပြုရမည်။

၅၉။ ။(က) နိုင်ငံတော်ကောင်စီကဖြစ်စေ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်ကဖြစ်စေ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဦးကဖြစ်စေ တင်သွင်းသော အဆိုတရပ်ကို အလည့်ကျ သဘာပတိ၏ ခွင့်ပြုချက်ဖြင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခွင့်ရှိသည်။

(ခ) အဆိုတရပ်နှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသည် တကြိမ်ထက်ပို၍ ဆွေးနွေးခွင့် မရှိစေရ။

(ဂ) လွှတ်တော်သို့ တင်သွင်းရန် အကြောင်းကြားထားသော အဆိုတရပ်အပေါ်တွင် ပါဝင်ဆွေးနွေးတင်ပြလိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို သဘာပတိအဖွဲ့ထံ(၂၄)နာရီ ကြိုတင်၍ ပေးပို့ထားရမည်။ ယင်းအမည်စာရင်းကို သဘာပတိအဖွဲ့က စိစစ်၍ ဆွေးနွေးတင်ပြခွင့် ပြုရမည်။

၆၀။ ။(က) နိုင်ငံတော် ကောင်စီသည် လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်သည် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တဦးဦးသည် လည်းကောင်း အဆိုတရပ်ကို တင်သွင်းလိုသည်ဟု သဘာပတိအဖွဲ့ထံ အကြောင်းကြား၍ အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းဖော်ပြထားသော်လည်း လွှတ်တော်တွင် ဖတ်ကြားတင်သွင်းခြင်း မပြုသေးမီ ယင်းအဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

(ခ) အစည်းအဝေး အစီအစဉ်တွင် ပါဝင်သော အဆိုကို လွှတ်တော်တွင် ဖတ်ကြားတင်သွင်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဦးက ယင်းအဆိုကို ထောက်ခံပြီးဖြစ်လျှင် လွှတ်တော် တရပ်လုံး၏ သဘောတူညီချက်ဖြင့်သာ ယင်းအဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၆၁။ ။အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်း ဖော်ပြထားသော အဆိုတရပ်ပေါ်တွင် ပြင်ဆင်ချက်တရပ် တင်သွင်းလိုပါက ယင်းပြင်ဆင်ချက် အဆိုကို တင်သွင်းမည့်နေ့ မတိုင်မီ (၂၄)နာရီကြိုတင်၍ သဘာပတိအဖွဲ့ထံ အကြောင်းကြားရမည်။

၆၂။ ။အဆိုတရပ်ပေါ်တွင် တင်သွင်းသော ပြင်ဆင်ချက် အဆိုသည် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည်—

(က) မူလအဆိုတွင် ပါရှိသောကိစ္စနှင့် တိုက်ရိုက် သက်ဆိုင်ရမည်၊

(ခ) မူလအဆိုနှင့် လုံးဝဆန့်ကျင်သည့် သဘော မသက်ရောက်စေရ၊

(ဂ) မူလ အဆိုအပေါ်တွင် အသေးအဖွဲ့ သဘောဆောင်သော ပြင်ဆင်ချက် အဆို မဖြစ်စေရ၊

(ဃ) ပြင်ဆင်ချက်အဆို တင်သွင်းရာတွင် မူလအဆိုကို ရေးသားထားသည့် အစီအစဉ်အတိုင်း ရည်ညွှန်းဖော်ပြရမည်။

၆၃။ ။(က) ပြင်ဆင်ချက်အဆိုများ လွှတ်တော်သို့ တင်သွင်းပြီးသည့်အခါ ထိုပြင်ဆင်ချက်များနှင့် ပတ်သက်၍ လွှတ်တော်၏ ဆန္ဒကို မရယူမီ အလှည့်ကျ သဘာပတိက အဆိုနှင့် ပြင်ဆင်ချက်များကို ပြရမည်။

(ခ) အဆိုအပေါ်တွင် လွှတ်တော်၏ အဆုံးအဖြတ်ကို မရယူမီ ပြင်ဆင်ချက်များအား လက်ခံခြင်းပြုမည် မပြုမည်နှင့် ပတ်သက်၍ လွှတ်တော်၏ သဘောထားကို ရှေးဦးစွာ ရယူရမည်။

(ဂ) ပြင်ဆင်ချက်များ အပေါ်တွင် လွှတ်တော်၏ သဘောထားကို ရယူပြီးနောက် မူလအဆို၊ သို့မဟုတ် ပြင်ဆင်ထားသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူရမည်။

## အခန်း ၉

## ပြည်သူ့လွှတ်တော် အစည်းအဝေးများ

၆၄။ ။အောက်ပါ ကိစ္စရပ်များကို လွှတ်တော်၏ ပုံမှန်အစည်းအဝေးများ၌ ဆုံးဖြတ်ဆောင်ရွက်ရမည်—

(က) ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ပတ်သက်သော ဥပဒေများ၊

(ခ) စီးပွားရေး စီမံကိန်းနှင့် ပတ်သက်သော ဥပဒေများ၊

(ဂ) အခွန်အကောက်နှင့် ပတ်သက်သော ဥပဒေများ၊

(ဃ) အခြားဥပဒေများ၊

(င) နိုင်ငံတော် ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို ကြားနာ၍ အဆုံးအဖြတ်ပေးခြင်း။

၆၅။ ။(က) လွှတ်တော် ပထမအကြိမ် အစည်းအဝေး၏ ပထမနေ့တွင် ပုဒ်မ ၇ တွင် ဖော်ပြထားသည့် ယာယီသဘာပတိက လွှတ်တော် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာရမည်။

(ခ) လွှတ်တော် အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ တက်ရောက်မှသာလျှင် လွှတ်တော် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာရမည်။

၆၆။ ။(က) လွှတ်တော်၏ ပုံမှန်အစည်းအဝေးများကို ရုံးပိတ်ရက်များမှအပ လိုအပ်သလို ကျင်းပရမည်။

(ခ) အထူး ကိစ္စရပ်များအတွက် လွှတ်တော် အစည်းအဝေးကို အချိန်၊ သို့မဟုတ် ရက်ကန့်သတ်ချက်မရှိ ကျင်းပနိုင်သည်။

၆၇။ ။(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် အလှည့်ကျ သဘာပတိ၏ ခွင့်ပြုချက် တောင်းခံ ရရှိပြီးမှသာလျှင် လွှတ်တော်သို့ စကားပြောခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က)အရ ခွင့်ပြုချက်ရရှိသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးသည် တကြိမ်လျှင် အများဆုံး မိနစ် ၂၀ အထိသာ တင်ပြဆွေးနွေးရမည်။

(ဂ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသည် မိမိတင်ပြ ဆွေးနွေးခဲ့ခြင်းနှင့် ပတ်သက်၍ ဒုတိယအကြိမ် ဖြည့်စွက်ရှင်းလင်း တင်ပြလိုလျှင် အလှည့်ကျ သဘာပတိ၏ ခွင့်ပြုချက် ရပါက အချိန် ငါးမိနစ်အထိ ထပ်မံတင်ပြ ဆွေးနွေး ိင်သည်။

(ဃ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသည် အဆိုတရပ်ကို စတင် တင်သွင်းခဲ့သူဖြစ်လျှင် အခြား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေး တင်ပြချက်များ၊ မေးမြန်းချက်များ ပြီးဆုံး၍ လွှတ်တော်၏ အဆုံးအဖြတ်ကို မယူမီ မိမိတင်သွင်းခဲ့သော အဆိုနှင့် ပတ်သက်၍ အလှည့်ကျ သဘာပတိ၏ ခွင့်ပြုချက်အရ အချိန်မိနစ် ၂၀ အထိပြန်လည် ရှင်းလင်း ဖြေကြားခွင့်ရှိသည်။

(င) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြ ဆွေးနွေးပိုင်ခွင့်ရှိသော အချိန်နှင့် ပတ်သက်၍ ပုဒ်မခွဲ (က) (ခ) (ဂ) တွင်သတ်မှတ်ထားသော် လည်း အလှည့်ကျသဘာပတိသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဦး၏ တောင်းခံချက်အရ လွှတ်တော်၏ လုပ်ငန်း၊ သို့မဟုတ် ဆွေးနွေးဆဲ ကိစ္စကိုအထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်ပါက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးအား အချိန်သတ်မှတ်၍ ဆက်လက်တင်ပြ ဆွေးနွေးခွင့် ပြုနိုင်သည်။

၆၈။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်တွင် တင်ပြ ဆွေးနွေးရာ၌ ဖြစ်စေ၊ အဆိုတင်သွင်းရာ၌ဖြစ်စေ၊ မေးခွန်း မေးမြန်းရာ၌ဖြစ်စေ—

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖေါက်ဖျက်သော၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ထိခိုက်သော၊ နိုင်ငံတော်က

လက်ခံ ကျင့်သုံးသော ဆိုရှယ်လစ်စနစ်ကို ပျက်ပြားစေသော ပြောဆို ခြင်းများကို မပြုလုပ်ရ၊

(ခ) တိုင်းရင်းသားများ၏ စည်းလုံး ညီညွတ်ရေး၊ အချင်းချင်း ယိုင်းပင်းကူညီရေး၊ ချစ်ကြည် လေးစားရေးတို့ကို ထိခိုက် ပျက်ပြားစေမည့် စကားများကို မပြောဆိုရ၊

(ဂ) မည်သည့်ဘာသာ၊ သာသနာကိုမျှ ပုတ်ခတ် ပြောဆိုခြင်း မပြုရ၊ ဘာသာရေးနှင့် နိုင်ငံရေးတို့ကို ရောယှက်၍ ပြောဆိုခြင်း မပြုရ။

၆၉။ ။(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသည် ပုဒ်မ ၆၈ တွင်ဖော်ပြထားသည့် တားမြစ်ချက် တခုခုကို ချိုးဖောက် ဆန့်ကျင်ကြောင်း အလှည့်ကျ သဘာပတိက တွေ့ရှိပါက သက်ဆိုင်ရာ တားမြစ်ချက် တရပ်ရပ်ကို ချိုးဖောက် ဆန့်ကျင်၍ မပြောကြားပါရန် နှိုးဆော် သတိပေးရမည့်အပြင် တားမြစ်ချက် တရပ်ရပ်အား ချိုးဖောက်ဆန့်ကျင်ခဲ့သော စကားရပ်များကို ရုပ်သိမ်းရန် ညွှန်ကြားရမည်။

(ခ) ပုဒ်မခွဲ (က)အရ အလှည့်ကျ သဘာပတိ၏ နှိုးဆော် သတိပေးချက်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က မလိုက်နာပဲ ဆက်လက်ချိုးဖောက်နေပါက ယင်းကိုယ်စားလှယ်အား ဆွေးနွေး ပြောဆိုနေခြင်းကို ရပ်စဲ၍ မိမိနေရာသို့ ပြန်ထိုင်စေရန် ညွှန်ကြားရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ တားမြစ်ချက်ကို မလိုက်နာပါက မည်ကဲ့သို့ အရေးယူရမည်ကို အလှည့်ကျ သဘာပတိက သဘာပတိအဖွဲ့နှင့် တိုင်ပင်ဆောင်ရွက်ရမည်။

၇၀။ ။(က) လွှတ်တော်၏ ဆန္ဒနှင့် သဘောထားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ သဘောတူ မတူကို အသံဖြင့်လည်းကောင်း၊ လက်ထောင်မပေးခြင်း၊ သို့မဟုတ် မတ်တတ်ရပ်ပြခြင်းအားဖြင့် လည်းကောင်း၊ဆန္ဒမဲပေးခြင်းဖြင့် လည်းကောင်း ရယူနိုင်သည်။

(ခ) အဆိုတရပ်နှင့် ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် သဘောတူသည့်မဲနှင့် သဘောမတူသည့်မဲ အရေအတွက်ချင်း တူညီနေပါက ယင်းအဆိုနှင့် ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ကို အလှည့်ကျ သဘာပတိက သင့်လျော်သလို ဒုတိယအကြိမ် ထပ်မံရယူရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ဒုတိယအကြိမ် အဆုံးအဖြတ် ရယူရာတွင် မဲအရေအတွက်ချင်း ထပ်မံတူညီနေပါက ယင်းကိစ္စနှင့် ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ကို တတိယအကြိမ်ရယူရမည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ တတိယအကြိမ် ထပ်မံရယူသော်လည်း မဲအရေအတွက်ချင်း ထပ်မံတူညီနေပါက အလှည့်ကျ သဘာပတိသည် မိမိအကြိုက် နှစ်သက်ရာဘက်သို့ မဲပေး၍ ဆုံးဖြတ်ရမည်။

၇၁။ ။(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေး ဖိတ်စာနှင့်အတူ အစည်းအဝေး အစီအစဉ် ရရှိသောအခါ ဖြည့်စွက်လိုသော အကြောင်းကိစ္စရပ်များ ရှိပါက အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ နိုင်ငံတော်ကောင်စီသို့ အနည်းဆုံး ၃ ရက်ကြို၍ တင်ပေးပို့ရမည်။

(ခ) နိုင်ငံတော် ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများသည် လွှတ်တော်သို့ တင်ပြလိုသော အကြောင်း ကိစ္စရပ်များကို အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းရန်အတွက် သဘာပတိအဖွဲ့သို့ ပေးပို့ရမည်။

(ဂ) သဘာပတိ အဖွဲ့သည် မူလက ရေးဆွဲထားသော ယာယီ အစီအစဉ်တွင် ပုဒ်မခွဲ (က)နှင့် (ခ)အရ ရရှိသော အကြောင်းကိစ္စရပ်များကို ဖြည့်စွက်၍ အစီအစဉ်သစ်တရပ်ကို ရေးဆွဲ၍ပြီး လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ အစည်းအဝေး အစီအစဉ်ကို လွှတ်တော်မှ အတည်ပြုရန် အလို့ငှာ သဘာပတိက တင်ပြသည့်အခါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ဝေဖန် အကြံပေးနိုင်ခွင့်ရှိသည်။

(င) အစည်းအဝေး အစီအစဉ်ကို ပြင်ဆင်ရန်၊ သို့မဟုတ် ဖြည့်စွက်ရန် အဆိုပြုချက်များ ရှိပါက ယင်းအဆိုပြုချက်များနှင့် စပ်လျဉ်း၍ လိုအပ်လျှင် လွှတ်တော်၏ သဘောထားကို မဲခွဲဆုံးဖြတ် ရယူရမည်။ အကယ်၍ ပြင်ဆင်ရန်၊ သို့မဟုတ် ဖြည့်စွက်ရန် အဆိုများ မရှိပါက အလို့ငှာ သဘာပတိက လွှတ်တော် ရှေ့မှောက်သို့ တင်သွင်းထားသော အစည်းအဝေး အစီအစဉ်အပေါ်တွင် လွှတ်တော်၏အတည်ပြုချက်ကိုရယူရမည်။

(စ) နေ့စဉ် အစည်းအဝေး အစီအစဉ်များကိုလည်း သဘာပတိအဖွဲ့က ပြုစု၍ ဖြန့်ဝေရမည်။ ယင်းအစီအစဉ်တွင် လွှတ်တော်မှ လက်ခံသော အဆိုများနှင့် အကြောင်းကိစ္စရပ်များကို ဖြည့်စွက်၍ ဖော်ပြထည့်သွင်းရမည်။

(ဆ) ပုဒ်မခွဲ (ခ)နှင့် (င)အရ အစည်းအဝေး အစီအစဉ်တွင်ပါဝင်သော နိုင်ငံတော် ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများက တင်သွင်းသော ဥပဒေကြမ်းများကို လွှတ်တော်မှ ဦးစားပေး၍ စဉ်းစားဆုံးဖြတ်ရမည်။

၇၂။ ။(က) ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းအနက် ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်ပါက လွှတ်တော် အစည်းအဝေး အထမြောက်သည်။

(ခ) လွှတ်တော် အစည်းအဝေး တရပ်၏ ပထမနေ့တွင် တက်ရောက်လာသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ မှတ်ပုံတင်စာရင်းတွင် လက်မှတ်ရေးထိုး ကြရမည်။

(ဂ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မီတီ၏ တင်ပြချက်အရ အစည်းအဝေး အထမြောက်ကြောင်းကို အလို့ငှာသဘာပတိက ကြေညာရမည်။

(ဃ) အကယ်၍ အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ တက်ရောက်ခြင်း မရှိပါက လွှတ်တော်ကို ရွှေ့ဆိုင်းကြောင်း ကြေညာရမည်။

၇၃။ ။(က) သဘာပတိအဖွဲ့၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုအုပ်ချုပ်ရေးဌာနပိုင် အဖွဲ့အစည်းများတွင် ပါဝင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား လွှတ်တော် အစည်းအဝေး ခန်းမတွင် သီးသန့်နေရာ စီစဉ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြထားသည့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်မဟုတ်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား လွှတ်တော် အစည်းအဝေး ကာလအတွက် မိမိတို့ ကိုယ်စားပြုသည့် ပြည်နယ်၊ သို့မဟုတ် တိုင်းအမည်၏ အက္ခရာစဉ်အလိုက် လက်ဝဲမှ လက်ယာသို့ အတန်းလိုက် လွှတ်တော် အစည်းအဝေး ခန်းမတွင် နေရာချထား စီစဉ်ပေးရမည်။ ရှေ့ဆုံးတန်း လက်ဝဲဒေါင့် ပထမထိုင်ခုံ နေရာအတွက် ပြည်နယ်၊ သို့မဟုတ် တိုင်းအမည် အက္ခရာကို မဲနှိုက်၍ အလှည့်ကျသတ်မှတ်ပေးရမည်။

၇၄။ ။(က) လွှတ်တော် အစည်းအဝေးများတွင် သော်လည်းကောင်း၊ လွှတ်တော် အဖွဲ့အစည်းများ၏အစည်းအဝေးများတွင် သော်လည်းကောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြ ဆွေးနွေးချက်များကို ပြည်သူ့လွှတ်တော်ရုံးမှ မှတ်တမ်း တင်ထားရမည်။ ယင်းမှတ်တမ်းများကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား ဝေငှရမည်။

(ခ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသည် လွှတ်တော်၊ သို့မဟုတ် လွှတ်တော်အဖွဲ့အစည်း တရပ်ရပ်တွင် တင်ပြ ဆွေးနွေးခဲ့သည့် စကားရပ်များနှင့် စပ်လျဉ်း၍ မှတ်တမ်း၌ ရှင်းလင်းဖြည့်စွက်ချက်ကို ထပ်မံဖြည့်စွက်ပေးရန် ပြည်သူ့လွှတ်တော်ရုံးသို့ သုံးရက်အတွင်း စာရေး အကြောင်းကြားနိုင်သည်။ သို့သော် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသည် လွှတ်တော်၊ သို့မဟုတ် လွှတ်တော်အဖွဲ့အစည်း တရပ်ရပ်တွင် မိမိတင်ပြ ပြောဆိုခဲ့သော စကားရပ်များကို ပြင်ဆင်ခွင့်မရှိ။

(ဂ) လွှတ်တော် အစည်းအဝေး တရပ်တွင် ချမှတ်သည့် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင် ပြုစု၍ အစည်းအဝေး ပြီးဆုံးသည့်နေ့၌ သဘာပတိအဖွဲ့သို့ တင်ပြပြီး လက်မှတ်ရေးထိုး ရယူရမည်။ ထို့နောက် ယင်းဆုံးဖြတ်ချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား ဝေငှရမည်။

၇၅။ ။လွှတ်တော်တွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး ကိစ္စရပ်များကို စဉ်းစား ဆွေးနွေးရန်နှင့် အခြားလျှို့ဝှက် အကြောင်းကိစ္စရပ်များ ကိုစဉ်းစား ဆွေးနွေးရန်အတွက် လွှတ်တော် အစည်းအဝေးများကို တံခါးပိတ် ကျင်းပရမည်။

၇၆။ ။(က) လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်နားထောင် လေ့လာလိုသူများသည် လွှတ်တော်ရုံးသို့ ခွင့်တောင်းခံနိုင်သည်။

(ခ) လွှတ်တော်ရုံးက စိစစ်ခွင့်ပြုပါက လွှတ်တော်ရုံးမှ လိုအပ်သလို စီစဉ် ဆောင်ရွက်ပေးရမည်။

(ဂ) လွှတ်တော် အစည်းအဝေးများတွင် တက်ရောက် နားထောင်သော ပုဂ္ဂိုလ်များသည် လွှတ်တော်၏ သိက္ခာကို စောင့်ထိန်းရန် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်များကို လိုက်နာရမည်။ အကယ်၍ သတ်မှတ်ထားသည့် ဥပဒေနှင့် နည်းဥပဒေများ၊ အမိန့်များ၊ စည်းကမ်းများကို မလိုက်နာပါက လွှတ်တော်၏ လုံခြုံရေးအတွက် တာဝန်ရှိသူများက တက်ရောက် လေ့လာခွင့်ကို ရုပ်သိမ်းနိုင်သည်။

(ဃ) လွှတ်တော်အစည်းအဝေးကို တံခါးပိတ် ကျင်းပမည်ဖြစ်ကြောင်း အလုံးအရင်း သဘာပတိက ကြေညာလျှင် ပြင်ပမှ တက်ရောက်နားထောင်သော ပုဂ္ဂိုလ်များသည် အစည်းအဝေး ခန်းမမှ ထွက်ခွာပေးရမည်။

## အခန်း ၁၀

### အထွေထွေ

၇၇။ ။လွှတ်တော် အစည်းအဝေး စတင်ကျင်းပသည့်နေ့တွင် ကတိသစ္စာ မပြုရသေးသော၊ သို့မဟုတ် မှတ်ပုံတင်စာရင်း၌ လက်မှတ်ရေးထိုးခြင်း မပြုရသေးသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် သဘာပတိအဖွဲ့က သီးခြား သတ်မှတ်ပေးသည့်နေ့နှင့်အချိန်တွင် အလုံးအရင်း သဘာပတိရှေ့၌ ပုဒ်မ ၉ နှင့် ပုဒ်မ ၇၂ ပုဒ်မခွဲ (င)တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာ ပြုရမည့်အပြင် မှတ်ပုံတင်စာရင်းတွင် လက်မှတ်ရေးထိုးရမည်။

၇၈။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးသည် ကျန်းမာရေးအခြေအနေကြောင့်သော်လည်းကောင်း၊ အခြားမလွှဲမရှောင်နိုင်သည့်ကိစ္စ တရပ်ရပ်ကြောင့်သော်လည်းကောင်း လွှတ်တော် အစည်းအဝေးများသို့ မတက်ရောက်နိုင်ပါက လွှတ်တော် အစည်းအဝေး တက်ရောက်ခြင်းမှ ပျက်ကွက်ခြင်းအတွက် ခွင့်ပြုပါရန် သဘာပတိအဖွဲ့ထံ ခွင့်ပန်ရမည်။

၇၉။ ။လွှတ်တော်၏သိက္ခာကို စောင့်ထိန်းရန် ပြဋ္ဌာန်းထားသော အောက်ပါပြဋ္ဌာန်းချက်တချက်ချက်ကို ချိုးဖောက်လျှင် လွှတ်တော်အား မထေမဲ့မြင်ပြုသည် ပြစ်မှုကိုကျူးလွန်ရာရောက်သည်၊ ယင်းသို့ ကျူးလွန်သူတဦးအား ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ကျပ် ၅၀၀ အထိငွေဒဏ်ဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေချမှတ်ရမည်။

(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အလုံးအရင်းသဘာပတိ၏ခွင့်ပြုချက်မရရှိဘဲ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် တက်ရောက်ခွင့်ပြုထားသူများမှအပ အခြား မည်သူတဦးမျှ လွှတ်တော် အစည်းအဝေးခန်းမအတွင်းသို့မဝင်ရ၊

(ခ) မည်သူမဆို လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ် လွှတ်တော်အစည်းအဝေးခန်းမတွင်းသို့ လိမ်လည်ပြောဆို၍၊ သို့မဟုတ် သူတပါး အယောင်ဆောင်၍ ဝင်ရောက်ခြင်းမပြုရ။

(ဂ) လွှတ်တော်အစည်းအဝေး ကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေး ကျင်းပချိန်မဟုတ်သည့် အချိန်၌ဖြစ်စေ အလှည့်ကျ သဘာပတိ၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေးခန်းမ၊ သို့မဟုတ် လွှတ်တော်ဥပစာအတွင်းရှိ အခြား မည်သည့် အခန်းမဆို မည်သူမျှညအိပ်ညနေမပြုရ။

(ဃ) လွှတ်တော် အစည်းအဝေးခန်းမနှင့် လွှတ်တော် ဥပစာအတွင်းရှိအခြား မည်သည့်အခန်းကိုမဆို လွှတ်တော်နှင့်မဆိုင်သည့် အခြားမည်သည့် ကိစ္စအတွက်မျှ အသုံးမပြုရ။

၁၀။ ။လွှတ်တော်၏ လုပ်ငန်းများကို အနှောင့်အယှက် ဖြစ်စေသော၊ သို့မဟုတ် လွှတ်တော်၏ လုံခြုံမှုကို အန္တရာယ်ဖြစ်စေသော အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက ယင်းကဲ့သို့ ကျူးလွန်သူတစ်ဦးအား ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ကျပ် ၂၀၀၀ ငွေဒဏ်ဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကို ချမှတ်ရမည်။

(က) လွှတ်တော်အစည်းအဝေး၊ သို့မဟုတ် လွှတ်တော် အဖွဲ့အစည်းတစ်ရပ်ရပ်၏ အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်၊ သို့မဟုတ် လွှတ်တော် အဖွဲ့အစည်းတစ်ရပ်ရပ်၏ လုပ်ငန်းများကို အနှောင့်အယှက် ဖြစ်စေမည့် မည်သည့် စိတ်ဓာတ်လှုံ့ဆော်ခြင်း၊ သို့မဟုတ် ဆန္ဒပြခြင်းနှင့် အနှောင့်အယှက်ပေးခြင်းမျိုးကိုမျှ အခါအားလျော်စွာ သတ်မှတ်ထားသော နယ်နိမိတ်အတွင်းမပြုလုပ်ရ။

(ခ) လွှတ်တော်၊ သို့မဟုတ် လွှတ်တော်အဖွဲ့အစည်း တစ်ရပ်ရပ်မှ သက်သေခံရန် ခေါ်ယူခြင်းခံရသူတစ်ဦးအား မည်သူမဆို မတရားခြိမ်းခြောက်ခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းမပြုရ။

(ဂ) လွှတ်တော်၊ သို့မဟုတ် လွှတ်တော် အဖွဲ့အစည်း တစ်ရပ်ရပ်သို့ တင်သွင်းသော ဥပဒေကြမ်း၊ အဆို၊ သို့မဟုတ် အခြား လွှတ်တော် လုပ်ငန်းတစ်ခုခု ဖြစ်မြောက်ရေးအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် လွှတ်တော် ဝန်ထမ်းတစ်ဦးဦးအား ယင်းတို့၏ အလုပ်တာဝန်ဝတ္တရား ဆောင်ရွက်ရာတွင် လာဘ်ပေးခြင်း၊ အခကြေးငွေပေးခြင်း မပြုရ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ သို့မဟုတ် လွှတ်တော်ဝန်ထမ်း တစ်ဦးဦးကလည်း လာဘ်ယူခြင်း၊ အခကြေးငွေယူခြင်းမပြုရ၊

(ဃ) လွှတ်တော် အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော် ဥပစာတွင် ဖြစ်စေ၊ လွှတ်တော် ဥပစာ နယ်နိမိတ်၏ ပြင်ပပေ ၅၀၀ အတွင်း၌ဖြစ်စေ မည်သူမဆိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား မသေမချင်းပြုခြင်း၊ အနှောင့်အယှက် ပေးခြင်းမပြုရ။

(င) လွှတ်တော် ဝန်ထမ်းတစ်ဦးအား ၎င်း၏တာဝန် ဝတ္တရားများ ဆောင်ရွက်ရာ၌ ခုခံခြင်း၊ သို့မဟုတ် ဟန့်တားခြင်း မပြုလုပ်ရ။

(စ) လွှတ်တော်၊ သို့မဟုတ် လွှတ်တော်၏ အဖွဲ့အစည်း တစ်ရပ်ရပ်ကို လိမ်လည်လှည့်ဖြားရန် အကြံဖြင့် လိမ်လည်၍ အတုပြုလုပ်ထားသည့် စာရွက်စာတမ်း အမှတ်အသားများကို တင်ပြခြင်းမပြုရ။

(ဆ) သဘာပတိအဖွဲ့၏ အမိန့်အရ လျှို့ဝှက်စာထိန်းသိမ်း ထားရှိရမည့်စာရွက်စာတမ်းများကို ပြင်ပသို့ ပေါက်ကြားခြင်း မပြုရ၊ ထိုသို့တားမြစ်ထားသည့်စာရွက်စာတမ်းပါ ကိစ္စရပ်များကို ပြင်ပသို့ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိထုတ်ဝေခြင်းမပြုရ၊

(ဇ) လွှတ်တော် အစည်းအဝေး ခန်းမဌ်ဖြစ်စေ၊ လွှတ်တော် ဥပစာတွင်ဖြစ်စေ၊ လွှတ်တော် လုံခြုံရေးအရ တာဝန်ကျသူများမှ အပ မည်သူမဆို မည်သည့်လက်နက်ကိုမျှ ယူဆောင်လာခြင်းမပြုရ။

၈၁။ ။(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးက ပုဒ်မ ၇၉၊ သို့မဟုတ် ပုဒ်မ ၈၀ ပါပြစ်မှုတခုခုကို ကျူးလွန်လျှင် သဘာပတိအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မီတီမှ သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့တွင် တရားစွဲဆိုရမည်။

(ခ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် မဟုတ်သည့် အခြား ပုဂ္ဂိုလ်တဦးက ပုဒ်မ ၇၉၊ သို့မဟုတ် ပုဒ်မ ၈၀ အရ ပြစ်မှုတခုခုကို ကျူးလွန်လျှင် လွှတ်တော်ရုံးမှ သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့တွင် တရားစွဲဆိုရမည်။ ထိုပြစ်မှုကို လွှတ်တော် အစည်းအဝေးခန်းမ၌ ကျူးလွန်ပါက အလျဉ်းသင့်သလို သဘာပတိထံ တင်ပြ၍ အရေးယူ ဆောင်ရွက်ရမည်။

၈၂။ ။သာမန်အားဖြင့် လွှတ်တော် အစည်းအဝေးများကို ရန်ကုန်မြို့တော်၌ အစည်းအဝေးခန်းမတွင် ကျင်းပရမည်။ လွှတ်တော် အစည်းအဝေး ခန်းမတွင် ကျင်းပရန် မဖြစ်နိုင်သည့် အခြေအနေမျိုးတွင် အခြားသင့်လျော်သည့် နေရာ၌ ကျင်းပနိုင်သည်။

၈၃။ ။(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဦးအား နိုင်ငံတော် သစ္စာဖောက်မှုဖြင့် အရေးယူခြင်း ခံရကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မီတီက သိရှိပါက အခြေခံ ဥပဒေပုဒ်မ ၇၃ ပုဒ်မခွဲ (၃)အရ ယင်းပြည်သူ့ ကိုယ်စားလှယ်အား တာဝန်မှလည်းကောင်း၊ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်းမှလည်းကောင်း ခေတ္တရပ်ခဲ့စေရန် သဘာပတိအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မီတီ၏ တင်ပြချက်ကို စိစစ်၍ သဘောတူပါက လွှတ်တော်၏ အတည်ပြုချက်ကို ရယူပြီး သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အား လွှတ်တော်အစည်းအဝေး တက်ရောက်ခွင့် ခေတ္တ ရပ်ဆဲကြောင်းကို သဘာပတိအဖွဲ့က ထုတ်ပြန်ကြေညာရမည်။

၈၄။ ။(က) ပြည်သူ့လွှတ်တော်ရုံးကို ပြည်သူ့လွှတ်တော်၏ ရုံးလုပ်ငန်း ကိစ္စအဝဝတို့ကို တာဝန်ယူ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားရှိရမည်။

(ခ) နိုင်ငံတော် ကောင်စီ၏ အတွင်းရေးမှူးသည် ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတော် ကောင်စီရုံးတို့ကို ဦးဆောင် လမ်းညွှန်၍ ယင်းရုံးတို့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုလည်းကောင်း၊ နိုင်ငံတော်ကောင်စီကိုလည်းကောင်း တာဝန်ခံရမည်။

၈၅။ ။ဤဥပဒေတွင် ပြဋ္ဌာန်းခြင်း မရှိသော ကိစ္စများ ပေါ်ပေါက်လာလျှင် သော်လည်းကောင်း၊ ဤဥပဒေအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတရပ်နှင့် ကြုံတွေ့ရလျှင် သော်လည်းကောင်း ယင်းအခက်အခဲများကို ဖြေရှင်း ကျော်လွှန်နိုင်ရန် အတွက် သဘာပတိ အဖွဲ့က ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်။
(၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်။)

အမိန့်အရ၊

(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊

အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။